ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

တရားရေးဝန်ကြီးဌာန

နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးနှင့် အကျဉ်းထောင်များအတွင်းရှိ အကျဉ်းသားများအား ကိုဗစ် ၁၉ ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ တရားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဦး၏ သတင်းထုတ်ပြန်ချက်

(ရန်ကုန်၊ ဇူလိုင်လ ၁၆)

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကိုဗစ် ၁၉ ကပ်ရောဂါမှာ အရေးပေါ်အခြေအနေတခုသို့ ဆိုက်ရောက်လျက်ရှိနေစဉ် စစ်ကောင်စီက အင်းစိန်အကျဉ်းထောင်အတွင်း ကိုဗစ်ရောဂါပိုး ပျံ့နှံ့ ကူးစက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ငြိမ်းချမ်းစွာဆန္ဒပြပွဲများတွင် ပါဝင်မှုကြောင့် ဖမ်းဆီးခြင်းခံခဲ့ရ သူများအတွက် တရားရုံးတင်စစ်ဆေးနိုင်ရန် ဖွဲ့စည်းထားသည့် "အထူးခုံရုံး"များအား ရပ်ဆိုင်းထားသည်။ သတင်းထုတ်ပြန်ထားသည့် နိုင်ငံအနှံ့ ရောဂါကူးစက်သေဆုံးသူများစာရင်းမှာ နည်းပါးလှသော်လည်း နိုင်ငံတွင်း ဒေသအနှံ့အပြားတွင် ရောဂါကူးစက်ခံရမှုများ၊ သေဆုံးမှုများ လွန်စွာ များပြားလျက်ရှိသောကြောင့် အကျဉ်းထောင်၊ အချုပ်များအားလုံးတွင်လည်း ရောဂါပိုး ပျံ့နှံ့ကူးစက်နေဖွယ် ရှိပါသည်။

"ကိုဗစ်ရောဂါပိုး ထိန်းချုပ်မရအောင် ပျံ့နှံ့ကူးစက်လျက်ရှိပြီး လူနေထူထပ်တဲ့ အကျဉ်းထောင်တွေထဲမှာ ပြည်သူတွေကို တရားရုံးတင်စစ်ဆေးမှုမပြုဘဲ ထိန်းသိမ်းချုပ်နှောင်ထားခြင်းဟာ ဒီမိုကရေစီပြန်လည်ရရှိရေး မိမိတို့၏ လိုလားချက်ကို ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများအတွက်တော့ သေဒဏ်ချမှတ်ခံရခြင်းပါပဲ" ဟု အမျိုးသားညီညွတ်ရေးအစိုးရ၊ တရားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဦးက ပြောဆိုထားပါသည်။

"မြန်မာပြည်ရှိ တရားရေးစနစ်များကို မာရှယ်လော ဥပဒေထုတ်ကာ ကျင့်သုံးလျက်ရှိဆဲဖြစ်ပြီး အကျဉ်းထောင် များတွင် စစ်တပ်နှယ်တရားသူကြီးများက အထူးခုံရုံးဖွဲ့စည်းပြီး တရားခွင်များ စစ်ဆေးလျက်ရှိပါတယ်။ စစ်တပ်အနေနဲ့ အာဏာသိမ်းစဉ်ကတည်းက ကျူးလွန်ထားတဲ့ ဥပဒေမဲ့သတ်ဖြတ်မှုများအတွက် တာဝန်ခံရမှာ ဖြစ်ပြီး ၎င်း သတ်ဖြတ်မှုများတွင် အကျဉ်းထောင်အတွင်း ကိုဗစ်ရောဂါကူးစက်ခံရမှု နဲ့ သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးရမှုအားလုံးလည်း ပါဝင်ပါတယ်"။

ထိန်းသိမ်းဖမ်းဆီးခံရသူအများစုမှာ ထိုကဲ့သို့ လူထူထပ်သည့် အကျဉ်းထောင်များထဲတွင် တရားခွင် စစ်ဆေး မေးမြန်းခြင်းမခံရဘဲ ၅ လကျော်ကြာအောင် ချုပ်နှောင်ခြင်းခံရသူများဖြစ်ကြပြီး အချို့သူများမှာ ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော သိက္ခာမဲ့စွာ ပြုမူဆက်ဆံသည့် စစ်ဆေးမေးမြန်းခြင်းများ တွေ့ကြုံ ခံစား ရလျက်ရှိပါသည်။ ၎င်းတို့အား မဆိုင်းမတွ ပြန်လွှတ်ရမည်ဖြစ်ပြီး မိသားစုဝင်များကိုလည်း ၎င်းတို့၏ ကျန်းမာရေးအခြေအနေများအား အသိပေးရမည်ဖြစ်သည်။ သို့မှသာ အထိန်းအချုပ်မဲ့ ပျံ့နှံ့လျက်ရှိသည့်

ရောဂါပိုးကူးစက်မှုမှ ကာကွယ်ရန် သင့်လျော်သော ကုသမှုများနှင့် သီးခြားနေထိုင်မှုများ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လမှစတင်၍ ကိုဗစ် ၁၉ ထိန်းချုပ်ကာကွယ်ရေးအစီအမံများကြောင့် ရနိုင်ပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားရုံးများအား ပိတ်ထားခြင်း၊ တရားရုံးတင်စစ်ဆေးမှု အနည်းငယ် ကိုသာ ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ရုံးတင်စစ်ဆေးနိုင်ခြင်းမရှိသည့် ပြစ်မှုခင်းများ အဆမတန်များပြားလာပြီး အချုပ်များ နှင့် အကျဉ်းထောင်များတွင် လူထူထပ်ပြွတ်သိပ်ခြင်း တို့ဖြစ်ပွားခဲ့ပါသည်။ တရားခွင်တင်မစစ်ဆေးရသေးဘဲ ရမန်ထုတ်ထားသူအားလုံးကို ခံဝန်ကတိထိုး၍ ချက်ချင်း လွှတ်မြောက်ခွင့် ပေးရမည်ဖြစ်သည်။ ထို့အပြင် ကျခံရမည့် အပြစ်ဒဏ် ၁ နှစ်အောက်သာကျန်တော့သည့် အကျဉ်းသားများအား လွှတ်ပေးရမည်ဖြစ်သည်။ သို့မှသာ အကျဉ်းထောင်များတွင် လူထူထပ်များပြားမှုကိုလျှော့ချနိုင်မည်ဖြစ်ကာ အကျဉ်းထောင်များအတွင်း ကိုဗစ်ရောဂါထိန်းချုပ်ကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ ဆောင်ရွက် နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက “နိုင်ငံတကာကြက်ခြေနီအသင်းဥက္ကဋ္ဌဖြစ်သူ Peter Maurer က ၂၀၂၁ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်ပြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံခဲ့ကာ ၎င်းတို့ အသင်းအနေဖြင့် အကျဉ်းထောင်များသို့ ဝင်ရောက်ခွင့်ရရှိရေး တောင်းဆိုခဲ့သည်။ ထိုသို့လာရောက် တွေ့ဆုံမှုသည် နိုင်ငံတကာအဖွဲ့အစည်းတခုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ပထမဦးဆုံး လာရောက်တွေ့ဆုံမှုဖြစ်ပြီး စစ်ကောင်စီ၏ အုပ်ချုပ်မှုကိုအသိအမှတ်ပြုခြင်းဟု စစ်ကောင်စီမှ ထုတ်ဖော် ရေးသားခဲ့ပါသည်။ ထိုသို့လာရောက်တွေ့ဆုံမှုသည် စစ်မှန်သော သဘောရိုးဖြင့် ဆိုပါက နိုင်ငံတကာကြက်ခြေနီ အသင်းအနေဖြင့် အကျဉ်းထောင်များအတွင်း ဝင်ရောက်ခွင့်ရရှိပြီး အကျဉ်းသားများ အခွင့်အရေးနှင့်အညီ အကူအညီပေးနိုင်ရေးအတွက် စစ်ကောင်စီအား ဆက်လက် ဖိအားပေး တောင်းဆိုသင့်ပါသည်” ဟုပြောဆို ထားပါသည်။